# နိုင်ငံခြားငွေလေလံရောင်းချပေးမှုအခြေအနေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမေရိကန်ဒေါ်လာ လိုအပ်ချက်ရှိနေသောကဏ္ဍများ (အထူးသဖြင့် စားသုံးဆီ၊ စက်သုံးဆီ နှင့် ဆေးဝါးများ) သို့ ဘဏ်များမှတစ်ဆင့် ရောင်းချပေးနိုင်ရန် အတွက် အပတ်စဉ် လေလံခေါ်ယူ၍ ရောင်းချပေးလျက်ရှိပါသည်။ လေလံမှ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁၇၅၀ ကျပ်ဖြင့် ရောင်းချပေးပြီး ဘဏ်များက ကုမ္ပဏီများသို့ ၁၇၅၃ ကျပ် ဖြင့်သာ ပြန်လည်ရောင်းချစေပါသည်။ ထိုသို့ ရောင်းချရာတွင် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်စေရေးဗဟိုကော်မတီမှ စိစစ်ပေးပို့သော ကုမ္ပဏီများသို့ သတ်မှတ်ပေးသည့် ပမာဏ အတိုင်း ရောင်းချရန်အတွက် အဆိုပါကုမ္ပဏီများစာရင်းဖွင့်လှစ်ထားသည့် AD ဘဏ်များသို့ ရောင်းချပေးခြင်းဖြစ်ပါသည်။ ပြီးခဲ့သည့် ရက်သတ္တပတ် (၁၃-၉-၂၀၂၁ ရက်နေ့မှ ၁၇-၉-၂၀၂၁ ရက်နေ့) တွင် အမေရိကန်ဒေါ်လာ ၂၅ သန်း ရောင်းချပေးခဲ့ပြီး (၂၀-၉-၂၀၂၁) ရက်နေ့တွင် အမေရိကန်ဒေါ်လာ (၁၅) သန်းအား AD လိုင်စင်ရဘဏ် (၉) ဘဏ်သို့ ရောင်းချပေးခဲ့ပါသည်။